ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၇ | ၂၀၂၀ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

## အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးနှင့် ကုန်ပစ္စည်း အတုအစစ်ခွဲခြားခြင်း ဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း



အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးနှင့် ကုန်ပစ္စည်းအတုအစစ်ခွဲခြား ခြင်းဆိုင်ရာသင်တန်းကို ၂၅-၆-၂၀၂၀ ရက်နေ့ ၊ နံနက် (၀၈:၀၀) နာရီမှ (၁၁:၃၀) နာရီအထိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ဒုအကောက်ခွန်မှူးမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ထိ အကောက်ခွန်အရာရှိ (၅၀) ဦး တက်ရောက်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အား အကောက်ခွန်ဦးစီးဌာနမှ အကာအကွယ်ပေးခြင်းနှင့်စဉ်လျဉ်း၍ ဦးစီးအရာရှိ (IPR) မှ ဆွေးနွေးတင်ပြခဲ့ပြီး၊ အောက်ဖော်ပြပါ Brand ကိုယ်စားလှယ်များမှ မိမိတို့၏ ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အတုအစစ်ခွဲခြားခြင်းဆိုင်ရာ အချက်အလက်များအား ဆွေးနွေးတင်ပြခဲ့ကြပါသည်။

# ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ၊ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




၂၀၂၀ ခုနှစ် ဇွန်လ (၂၂) ရက်နေ့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ နှင့် အကောက်ခွန်ဦးစီးဌာန တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (FIU) ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ၊ လူအများအပြားသေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ၊ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ၊ ဒုတိယ ညွှန်ကြားရေးမှူး ၊ အရာထမ်းများ စုစုပေါင်း (၂၁) ဦးတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃၄၀.၉၁၉ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၁ ရက်နေ့ မှ ၃၀ ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ ၁၄၁ မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် ၂၃၄၀.၉၁၉ သန်းခန့်ဖြစ်ပါသည်။


## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု




ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၅၉၇.၉၅၃) သန်း နှင့် လေဆိပ်(ကုန်လှောင်ရုံ) တားဆီးမှု (၁)မှု ခန့်မှန်းတန်ဖိုးကျပ် သန်း (၀.၉၉) ရှိသည့်အနက် ၂-၆-၂၀၂၀ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Shifa Pharmaceutical Co., Ltd မှ တင်သွင်းလာသော Medicines Item (4) မျိုးအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID တွင်ကြေညာထားခြင်းမရှိသော Valor Injection (Diclofenac Sadium 75mg) (1x10x130) (546 ctn) ,Matamex Injection (Metoclopramide HCT) (1x10x190) (88 ct)၊ ခန့်မှန်းတန်ဖိုးကျပ် သန်း (၅၂၆.၂) အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃၄၀.၉၁၉ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း


## နယ်မြေ တားဆီး/ဖမ်းဆီးမှု




နယ်မြေတားဆီးမှု ၁၃၄ မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၇၄၁.၉၇၆ သန်း ရှိသည့် အနက် ၁၃-၆-၂၀၂၀ ရက်နေ့တွင် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း အကာက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မှ နေပြည်တော်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီးအား ရပ်တန့်စစ်ဆေးရာ မီးရှို့ဒီတိုနစ်တာ (၂၉၄၀၀ ချောင်း)၊ လျှပ်စစ်ဒီတိုနစ်တာ(၆၀၀၀) ချောင်း ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၈.၃၂၀) သန်းအား စစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃၄၀.၉၁၉ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားတားဆီး/ဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ (၁၃) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မှ လားရှိုးဘက်သို့ မောင်းနှင်လာသော Nissan UD Condor အမျိုးအစားယာဉ် (၁) စီးပေါ်တွင် မိုးကာစဖြင့် ဖုံးအုပ်၍ တင်ဆောင်လာသော အစိမ်းရောင်ဆာလာအိတ် (၁၀) အိတ်အတွင်း အနက်ရောင် ကြွတ်ကြွတ်အိတ်ဖြင့် ထပ်မံထုတ်ထားသည့် ဆပ်ပြာခွက်များအတွင်း၌ ဖြူ/ဝါရောင်အမှုန့်များအား တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးခဲ့ရာ ဆပ်ပြာခွက်များအတင်းမှ (Herion) ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင် အမှုန့်ဆပ်ပြာ (၁) ခွက်လျှင် (၁၀) ဂရမ်ခန့်၊ စုစုပေါင်း အလေးချိန် (၂၂) ကီလိုဂရမ်ခန့် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၉၀) သန်းအားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃၄၀.၉၁၉ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှု အနေဖြင့် ၅.၆.၂၀၂၀ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Hiace ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Sodium Cyanide ဟုယူဆရသော အဖြူရောင် ဆာလာအိတ် (1x50Kg) (၅၀ အိတ်)နှင့် ပစ္စည်းသယ်ဆောင် လာသော ယာဉ် (၁)စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၀) သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိ ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇွန်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ


| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၄.၂၈၈ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၁၂.၃၄၁ သန်း |
| | စုစုပေါင်း | - | ၄ မှု | ၄ မှု | ၁၆.၆၂၉ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၁-၁၀-၂၀၁၉ ရက်နေ့ မှ ၃၀-၆-၂၀၂၀ ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက် ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု ၂၂ မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း ၄၄.၁၇၅ သန်းအားတားဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

သံချောင်းများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Sorting Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။

Energy Drink များ တင်သွင်းလိုပါသဖြင့် H.S Code နှင့် Duty Rate အားမေးမြန်းရာ H.S Code မှာ 2202.10.90 ၊ အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။

